ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

**ဆန်နှင့်ဆန်ကွဲ ပြည်ပတင်ပို့သည့်လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်သောသတင်းလွှာ (၃/၂၀၂၀)**

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဧပြီလ ၇ ရက်

အကြောင်းအရာ။ **ဆန်နှင့် ဆန်ကွဲပြည်ပတင်ပို့သည့် လုပ်ငန်းအစီအစဉ် ထုတ်ပြန်ခြင်း**

၁။ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပေါ်လျက်ရှိသော Coronavirus Disease 2019 (COVID-19) ကြောင့် ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရရှိရေးနှင့် ပြည်ပပို့ကုန် တိုးမြှင့်ရေးတို့အတွက် ၂၀၂၀ ပြည့်နှစ် ဆန်နှင့် ဆန်ကွဲ ပြည်ပတင်ပို့မည့် လုပ်ငန်းအစီအစဉ်များကို အောက်ပါအတိုင်းထုတ်ပြန်လိုက်သည်-

(က) ဆန်နှင့် ဆန်ကွဲ တင်ပို့ခွင့်လိုင်စင် ရရှိထားသူများအနက် ၁၅-၃-၂၀၂၀ ရက်နေ့ နောက်ပိုင်း (၁၆-၃-၂၀၂၀ ရက်နေ့မှ ၂၀-၃-၂၀၂၀ ရက်နေ့အထိ) ပို့ကုန်လိုင်စင် ရရှိထားသူများအနေဖြင့် တင်ပို့သည့်ပမာဏ အထောက်အထား ပို့ကုန်ကြေညာလွှာ (Export Declaration) တွင် ဖော်ပြထားသည့်ပမာဏ၏ ၁၀ ရာခိုင်နှုန်းကို နိုင်ငံတော်အရန်ဆန်အဖြစ် ဧည့်မထဆန် ၂၅ % (Emata 25%, Well Milled Polished) ကို ရောင်းချပေးရမည်။

(ခ) ဆန်နှင့် ဆန်ကွဲ တင်ပို့သည့်ကုမ္ပဏီသည် တင်ပို့ခြင်းမပြုမီ ကြိုတင်၍လည်းကောင်း၊ အမှန်တင်ပို့ပြီး တစ်ပတ်အတွင်းတွင်လည်းကောင်း နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်းကို သတ်မှတ်ထားသည့် သိုလှောင်ရုံသို့ အပ်နှံပေးသွင်းရမည်။

(ဂ) နိုင်ငံတော်အရန်ဆန် ၁၀ ရာခိုင်နှုန်းကို သတ်မှတ်ချိန်အတွင်း ပြီးပြတ်အောင် ပေးသွင်းခြင်းမရှိပါက ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ပိတ်သိမ်းခြင်းခံရမည်ဖြစ်သည့်အပြင် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းခံရမည်။

၂။ ၂၀၂၀ ပြည့်နှစ် မေလ ၁ ရက်နေ့ နောက်ပိုင်း ဆန်တင်ပို့ခွင့်လိုင်စင် ခွင့်ပြုထုတ်ပေးခြင်းနှင့် ပတ်သက်သည့် စည်းကမ်းသတ်မှတ်ချက်များအား ထပ်မံထုတ်ပြန်ကြေညာသွားမည်။

ကုန်သွယ်ရေးဦးစီးဌာန

D:\DCTM\General\COVID